၈-၇-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | | ဆီ (တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၄၂၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၇၉၀၀၀၀၀ | |
| ၂ | လားရှိုး | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၃၀၀၀ | - | ၄၆၀၀ | - | - | ၄၆၀၀ | ၇၉၀၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၃၇ | ၃၂၀၀ | ၃၁၄၀ | ၂၇၆၀ | ၃၃၈၅ | ၇၈၀၀၀၀၀ | |
| ၅ | လွိုင်ကော် | ၄၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၃၂၂၀ | ၃၁၆၀ | ၂၇၈၀ | ၃၄၃၀ | ၇၈၈၀၀၀၀ | |
| ၆ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၅၀ | ၃၁၆၀ | ၃၁၀၀ | ၂၇၂၅ | ၃၃၅၀ | ၇၈၅၀၀၀၀ | |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၇၆၅ | ၃၁၆၅ | ၃၁၀၅ | ၂၇၂၅ | ၃၃၅၅ | ၇၈၀၀၀၀၀ | |
| ၈ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၄၀၀၀ | ၇၁၇၅ | ၃၂၁၀ | ၃၁၅၀ | ၂၇၇၀ | ၃၄၀၀ | ၇၈၆၀၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၃၉၅ | ၃၂၀၀ | ၃၁၀၀ | ၃၂၀၀ | ၃၂၅၀ | ၇၈၄၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၀၀ | ၃၀၇၅ | ၃၀၁၅ | ၂၆၃၅ | ၃၂၆၅ | ၇၈၆၀၀၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၄၈၅၀ | ၂၁၀၀၀ | ၆၈၀၀ | ၃၁၄၅ | ၃၀၈၅ | ၂၇၀၅ | ၃၃၃၅ | ၇၈၂၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၃၄၇၅ | ၃၄၁၅ | ၃၀၄၀ | ၃၆၆၅ | ၇၈၅၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၃၂၂၅ | ၃၁၆၅ | ၂၇၈၅ | ၃၄၁၅ | ၇၇၉၀၀၀၀ | |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၁၅ | ၃၁၉၀ | ၃၁၂၅ | ၂၇၅၀ | ၃၃၇၅ | ၇၈၆၀၀၀၀ | |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၃၁၉၅ | ၃၁၃၅ | ၂၇၅၅ | ၃၃၈၅ | ၇၈၆၀၀၀၀ | |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၄၀၀ | ၁၇၀၀၀ | ၆၉၁၀ | ၃၁၉၅ | ၃၁၃၅ | ၂၇၅၅ | ၃၃၈၅ | ၇၈၇၀၀၀၀ | |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၇၉၀ | ၃၁၂၀ | ၃၀၆၀ | ၂၆၈၀ | ၃၃၁၀ | ၇၉၀၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၇၉၀ | ၃၀၉၀ | ၃၀၃၀ | ၂၆၅၀ | ၃၂၇၅ | ၇၈၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၀၀၀ | ၁၉၆၀၀ | ၆၇၂၆ | ၃၁၅၅ | ၃၀၉၅ | ၂၇၁၅ | ၃၃၄၅ | ၇၈၆၀၀၀၀ | |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၀၀၀ | ၁၉၈၀၀ | ၆၇၂၆ | ၃၁၅၅ | ၃၀၉၅ | ၂၇၁၅ | ၃၃၄၅ | ၇၈၆၀၀၀၀ | |
| ၂၂ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၉၀၀၀ | ၄၂၂၅ | ၄၁၆၅ | ၃၇၈၅ | ၄၄၁၅ | ၇၉၀၀၀၀၀ | |

**Source:** ပြည်တွင်းဌာနခွဲ


The Consumer Affairs

News Letter

Monthly News Letter June 2025 Department of Consumer Affairs


## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် အစီအမံများချမှတ်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁)၊ ရုံးအမှတ် (၅၂) ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအထောက်အကူပြုလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုများ၊ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၁

၁။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

၂။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

**ပြည်တွင်း၊ ပြည်ပမိတ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၄

၃။ (၁၀) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၆

၄။ ယာဉ်လိုင်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ စားသောက်ဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ ဘဏ်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၇။ ၂၀၂၅ ခုနှစ်၊ မေလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၈

၈။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၉။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၁၀။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများဆောင်ရွက်

၁၁။ ၂၀၂၅ခုနှစ်၊ မေအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၂။ ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၅

၁၃။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၄။ ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

၁၅။ ၂၀၂၅ ခုနှစ်၊ မေလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၀

၁၆။ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေများ

**ကုန်သွယ်မှုကဏ္ဍ** ၂၂

၁၇။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ



*စာမျက်နှာ ၂၀ မှအဆက်*

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်လင်မြို့နယ်နှင့် တာချီလိတ်မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ကြောင်း၊ ထို့အတူ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး XmeESyhlaygjfí v k k ajcjyKA[ Xme?Community Centre ခန်းမ၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် နမ့်စန်မြို့ပေါ်ရှိ သောက်ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၅ ခုနှစ်၊ မေလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့်စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ မေလအတွင်း အသိပညာပေးဟောပြောခြင်း ၂၂၅ ကြိမ်၊ လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း ၃၁၉ ကြိမ်၊ သင်တန်းဖွင့်လှစ်ပို့ချခြင်း ၁၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** အသိပညာပေး

# သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

## ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေများ

သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ရှိ ဓာတ်ခွဲခန်းများမှ ၂၀၂၅ ခုနှစ်၊ မေလအတွင်း လုပ်ငန်းရှင်ပေါင်း ၆၄ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၈ မျိုး၊ စုစုပေါင်းနမူနာအရေအတွက် ၁၇၇ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၄၉၀ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် လယ်ယာထွက်ကုန်ပို့ကုန်များအား တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ မာဒါဂက်စကာနှင့် ပြင်သစ်နိုင်ငံတို့သို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ပဲစဉ်းငုံဖြူ၊ ပဲလွန်း၊ ပဲလွန်းအခွံချွတ်ခွဲခြမ်း၊ ဆန်ကွဲ၊ ပေါင်းဆန်၊ ပဲလုံးညို၊ မတ်ပဲအခွံချွတ်ခွဲခြမ်း၊ ပဲယင်းနီ၊ မြေထောက်ပဲ၊ စွန်တာနီ၊ ဘိုကိတ်ပဲ၊ တိရစ္ဆာန်စာနှင့် အင်ဖက်တို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၁၀၁ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၇ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၃၅၇ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်းမှ ၂၀ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၅ ခု၊ စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု ၄၉၀ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

*စာမျက်နှာ ၁၉ မှ အဆက်*

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အမှတ် ၆ ရပ်ကွက်ရှိ ပြည်သူများနှင့် ဒေသန္တဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အရန်သားဖွားသင်တန်းရှိ သင်တန်းသားများအား စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ Call Center 1535 သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် အသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၂/၂၀၂၅) မှ သင်တန်းသားများ၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ကျေးရွာကော်မတီဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းမှ သင်တန်းသားများ၊ လွိုင်ကော်မြို့ပေါ်ရှိ ဗူးသွင်း စားသုံးဆီစက်ရုံများအား GMP နှင့်ပတ်သက်၍ သင်ကြားသည့် သင်တန်းမှ သင်တန်းသားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား



စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့အပြင် လွိုင်ကော်မြို့ရှိ စားသောက်ကုန်များ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာဆောင်များဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ်ရှိ သားဖွားသင်တန်းကျောင်း၊ ဖဲထော်ကျေးရွာ၊ M-Hotel ၊ မုဒုံမြို့နယ်ရှိ ယက်ကန်းနှင့် သက်မွေးကျောင်း၊ ကျိုက်ထိုမြို့ ဖက္ကလိပ်ကျေးရွာတို့၌ စားသုံးသူကာကွယ်ရေးနှင့် အွန်လိုင်းရောင်းချမှုဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့ပြင် ဘီးလင်း၊ ပေါင်၊ ကျိုက်မရော၊ မုဒုံ၊ ချောင်းဆုံမြို့နယ်တို့ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးအသိပညာပေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိရာ မော်လမြိုင်မြို့ရှိ မုန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်၊ အလှကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် သဘာဝဇီဝမြေသြဇာထုတ်လုပ်သည့် လုပ်ငန်းရှင်၊ ချောင်းဆုံမြို့နယ် ကညော့်ကျေးရွာမှ ဆီစက်လုပ်ငန်းရှင်၊ သထုံမြို့နယ် ဆီလက်လီကိုယ်စားလှယ်လုပ်ငန်းရှင်၊ ကျိုက်ထိုမြို့နယ် ဆီကိုယ်စားလှယ်လုပ်ငန်းရှင်၊ မော်လမြိုင်မြို့နယ် ကွမ်တာကျေးရွာရှိ ဆီစက်လုပ်ငန်းရှင်၊ ကျိုက်မရောမြို့နယ်ရှိ ရေသန့်လုပ်ငန်းရှင်နှင့် မော်လမြိုင်မြို့နယ် ကော့နက်ကျေးရွာရှိ ဆီစက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရှိပါသည်။

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*



## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

*စာမျက်နှာ ၁ မှ အဆက်*

တင်ပြသည့် အမှာစာ ၁၀ စောင် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌတို့က စားသုံးသူကာကွယ်ရေးဆိုင်ရာ မူဝါဒနှင့် အစီအမံများ ချမှတ်နိုင်ရေး ဆွေးနွေးတင်ပြခဲ့ကြပြီး အစည်းအဝေးဆုံးဖြတ်ချက် ၁၉ ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

### စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၅-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၆-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း



အစည်းအဝေးကို ၂၁-၅-၂၀၂၅ ရက်နေ့တွင် လည်းကောင်း၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၂-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၇-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၈-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၉-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၁၂) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

# ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

## (၃၀) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

(၃၀) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အင်ဒိုနီးရှားနိုင်ငံ၊ တန်ဂျာရန်မြို့၌ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးများသို့ အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံ၊ စားသုံးသူကာကွယ်ရေးရုံးအဖွဲ့မှ အမြဲတမ်းအတွင်းဝန်ဖြစ်သူ Mr. Ronnarong Phoolpipat က အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

(၃၀) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးကျင်းပသည့် ၁၆-၆-၂၀၂၅ နှင့် ၁၇-၆-၂၀၂၅ ရက်နေ့တို့တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူက အာဆီယံအဆင့်မြင့်အဖွဲ့အစည်းများ၏ အစည်းအဝေးကျင်းပမှုအခြေအနေများ၊ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (ASEAN Strategic Action Plan on Consumer Protection-ASAPCP) အရ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် အခြေအနေများ၊ GIZ PROTECT II အထောက်အပံ့ဖြင့် အကောင်



အထည်ဖော်ဆောင်နေသည့် ဒေသတွင်းသတင်းအချက်အလက်ဖြန့်ဝေရေး လှုပ်ရှားမှုအစီအစဉ်များ၊ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ ဝက်ဘ်ဆိုက်တွင် တိုင်ကြားလာသည့် တိုင်ကြားမှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသည့် စားသုံးသူကာကွယ်ရေးဥပဒေဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေနှင့် စားသုံးသူကာကွယ်ရေးနည်းဥပဒေများ ပြဋ္ဌာန်းထားရှိမှုအခြေအနေ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ စားသုံးသူတိုင်ကြားမှုဖြေရှင်းဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ရှိသော ကုန်စည်အားဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိမှု အခြေအနေ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်နှင့် စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ စားသုံးသူတိုင်

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၈ မှအဆက်*

ကျိုက်လတ်မြို့နယ် သုခစန်းဆန်စက်ရှိ ဆန်စက်လုပ်သားများ၊ ဓနုဖြူမြို့နယ်နှင့် မအူပင်မြို့ ၁ ရပ်ကွက်နေ ပြည်သူများ၊ ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်သော လူငယ်ပညာပေးသင်တန်းမှ သင်တန်းသားများ၊ ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်သော ကွန်ပျူတာသင်တန်းမှ သင်တန်းသားများနှင့် ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့အတူ လပွတ္တာ၊ ဝါးခယ်မ၊ အိမ်မဲ၊ မော်ကျွန်း၊ မြောင်းမြ၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ပုသိမ်မြို့ရှိ ကြက်ဥဘဲဥလုပ်ငန်းရှင်များ၊ ဆီလုပ်ငန်းရှင်များ၊ သာပေါင်းမြို့နယ်ရှိ သီဟိုဠ်လုပ်ငန်းရှင်၊ ဝက်ရုပ်ကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင်၊ ကျောင်းကုန်းမြို့နယ် စားအုန်းဆီ လက်လီလက်ကားရောင်းချသည့် လုပ်ငန်းရှင်၊ ဒေးဒရဲမြို့ရှိ စားသုံးဆီလုပ်ငန်းရှင်များ၊ မြောင်းမြမြို့ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်၊ မော်ကျွန်းမြို့နယ်ရှိ အလှကုန်ရောင်းချသည့် လုပ်ငန်းရှင်နှင့် ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ အိမ်မဲမြို့နယ်ရှိ ငါးပိငါးခြောက်ရောင်းချသည့် လုပ်ငန်းရှင်၊ လပွတ္တာနှင့် ဝါးခယ်မမြို့နယ်တို့ရှိ အထည်ရောင်းချသည့် လုပ်ငန်းရှင်များနှင့် ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ မအူပင်မြို့နယ်တို့မှ စားအုန်းဆီရောင်းချသော လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ဆောင်ရွက်မှုအနေဖြင့်-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်ရှိ မုန့်တိုက်မှ စက်ရုံအလုပ်ရုံလုပ်သားများ၊ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၊ ဝိုင်းမော်မြို့ မြို့မရပ်ကွက်၊ မိုးညှင်းမြို့ သိမ်အင်းရပ်ကွက်နှင့် ဗောဒီကုန်းကျေးရွာတို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းအနေဖြင့် မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်၊ ခေမာသီရိရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်၊ မိုးညှင်းမြို့ရှိ ကျောက်ပန်းချီကားချပ်အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ အုတ်ကျင်းရပ်ကွက်ရှိ မီးသွေးမီးဖိုအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

စာမျက်နှာ ၁၇ မှအဆက်

ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တောင်ဥက္ကလာပမြို့နယ်ရှိ စားသုံးသူပြည်သူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်) ၌ ဖွင့်လှစ်သော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁၄) မှ သင်တန်းသားများ၊ ရန်ကုန်မြို့ ကုန်သွယ်မှုသင်တန်းကျောင်းတွင် ဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၁) မှ သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဈေးရှိ လုပ်ငန်းရှင်များနှင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဈေးရှိ စားအုန်းဆီကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အတူ သုံးခွမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးသင့်သည့် အချက်အလက်များ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ကောင်စီဦးစီးမှူးရုံးအနေဖြင့်** ပျဉ်းမနားမြို့အတွင်းရှိ Linn IT & Mobile နှင့် LASER




IT & Mobile Electronic အရောင်းပြခန်းတို့ရှိ ဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်ရှိ ထမင်းဆိုင်မှ ဝန်ထမ်းများ၊ ဒက္ခိဏသီရိမြို့နယ် ရဲဒီးကျေးရွာရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့ပြင် နေပြည်တော် စားသုံးသူရေးရာဦးစီးဌာနရုံးခန်း၌ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခြင်း ၂ ကြိမ် ဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဇလွန်မြို့၊ ကျုံရှုကျေးရွာအုပ်စုမှ ပြည်သူများ၊ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု၊ ရန်ကြီးအောင် (တောင်) ရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ အိမ်မဲမြို့နယ် တကောကျေးရွာ၊ လပွတ္တာမြို့နယ် အမှတ် ၁၀ ရပ်ကွက်၊ မြောင်းမြမြို့နယ် ကွမ်းခြံပေကုန်းရပ်ကွက်နှင့် မော်ကျွန်းမြို့နယ် ၁၃ ရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများ၊ ဝါးခယ်မမြို့နယ် မြို့ဈေးရှိ ဈေးသူဈေးသားများ၊ ပုသိမ်မြို့နှင့် ဖျာပုံမြို့တို့ရှိ အကျဉ်းဦးစီးဌာနနှင့် ဖျာပုံမြို့ မီးသတ်ဦးစီးဌာနတို့ရှိ ဝန်ထမ်းများနှင့် ရေကြည်မြို့နယ်ရှိ စားသုံးသူပြည်သူများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ သို့



စာမျက်နှာ ၄ မှအဆက်



ကြားမှုများအား လွယ်ကူလျင်မြန်စွာ ဖြေရှင်းပေးနိုင်ရေးအတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ၊ Consumer Call Center ၁၅၃၅ တို့ ဖွင့်လှစ်ထားရှိမှုနှင့် စားသုံးသူတိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ မှတ်ပုံတင်ထားသည့် အွန်လိုင်းရောင်းချမှုလုပ်ငန်းများ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မှု ရှိ၊ မရှိနှင့် တရားမဝင်ကုန်ပစ္စည်းများရောင်းချမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်နေမှုအခြေအနေ၊ စားသုံးသူရေးရာသတင်းလွှာနှင့် ဦးစီးဌာန၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းစာအုပ်များ ထုတ်ဝေခြင်းနှင့် ဦးစီးဌာနဝက်ဘ်ဆိုက် www.doca.gov.mm မှတစ်ဆင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးမှုအခြေအနေ၊ မတ်လ ၁၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် ၁၈-၆-၂၀၂၅ မှ ၂၀-၆-၂၀၂၅ ရက်နေ့အထိ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ ၁၈-၆-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်း၍ ပြည့်စုံသော မူဘောင်တစ်ရပ်အဖြစ် ဖြစ်ပေါ်စေရေး ဆွေးနွေးခဲ့ကြောင်း၊ ၁၉-၆-၂၀၂၅ နေ့တွင် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ အာဆီယံနိုင်ငံများအတွင်း ကုန်စည်များနှင့်စပ်လျဉ်း၍ စားသုံးသူထိခိုက်နစ်နာမှုများဆိုင်ရာ အချက်အလက်များမျှဝေရေးအတွက် စံသတ်မှတ်ခြင်းလုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့ကြောင်း၊ ၂၀-၆-၂၀၂၅ နေ့တွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ အစိုးရဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ဆက်လက်၍ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအနေဖြင့် (၄) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးညီလာခံ ကျင်းပနိုင်ရေး၊ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) အား ကာလအပြီးသတ်သုံးသပ်မှု ဆောင်ရွက်နိုင်ရေးနှင့် အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) အတည်ပြုထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ အာဆီယံစားသုံးသူကာကွယ်ရေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ လက်စွဲစာအုပ်ပြင်ဆင်ထုတ်ဝေနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊ အာဆီယံဒေသတွင်း စားသုံးသူတိုင်ကြားမှုအား အွန်လိုင်းမှတစ်ဆင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းသတင်းအချက် အလက်ဖြန့်ဝေမှုဆိုင်ရာ လူထုလှုပ်ရှားမှုအစီအစဉ်များအား အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်ရေးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source:** အာဆီယံ

# စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

၂၀၂၅ ခုနှစ်၊ မေလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | မေလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဧပြီလ ဖြေရှင်းရန်ကျန် | မေလ | ပေါင်း | ဧပြီလ ကျန်မှ | မေလ ကုန်စည် | မေလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | ၁ | | | ၁ | ၀ | ၁၀၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | ၃ | | ၃ | ၁ | | | ၁ | ၂ | ၃၃.၃၃% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | ၂ | | ၂ | ၁ | | | ၁ | ၁ | ၅၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃ | ၃ | ၁ | ၂ | ၃ | | ၃ | ၆ | ၉ | ၂ | | ၂ | ၄ | ၅ | ၄၄.၄၄% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၉ | ၇ | ၂ | ၃ | | ၅၀ | ၁၂ | ၆၂ | ၁၄ | | | ၁၄ | ၄၈ | ၂၂.၅၈% |
| ၁၃ | ရှမ်း(တောင်)တောင်ကြီး | | ၃ | ၁ | ၁ | | ၁ | | ၃ | ၃ | | | ၂ | ၂ | ၁ | ၆၆.၆၇% |
| ၁၄ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | ၁ | ၁ | | | | ၁ | ၁ | ၂ | ၁ | | | ၁ | ၁ | ၅၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၁ | | ၁ | | | ၃ | ၁ | ၄ | ၃ | | | ၃ | ၁ | ၇၅.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၆ | ၁၇ | ၁၀ | ၆ | ၆ | ၁ | ၆၃ | ၂၃ | ၈၆ | ၂၃ | ၀ | ၄ | ၂၇ | ၅၉ | ၃၁.၄၀% |
| | | ၂၃ | | ၂၃ | | | | | | | | ၄ | | | | |

Source: CICC

## ယာဉ်လိုင်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ တိုင်ကြားသူတစ်ဦးသည် တောင်ကြီးမြို့မှ တောင်ငူမြို့သို့ ယာဉ်လိုင်းတစ်ခုဖြင့် လွယ်အိတ်များ ပေးပို့ခဲ့ရာ ၂၆-၄-၂၀၂၅ ရက်နေ့၌ တောင်ငူကားဂိတ်သို့ သွားရောက်ရွေးယူခဲ့ချိန်တွင် ပစ္စည်းပျောက်ဆုံးသွားပါသဖြင့် လျော်ကြေးရရှိလိုသည်ဟု တိုင်ကြားလာပါကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက မော်တော်ယာဉ်လိုင်းမှ တာဝန်ရှိသူအား ၅-၅-၂၀၂၅ ရက်နေ့တွင် ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့ ခေါ်ယူတွေ့ဆုံ၍ စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ကားဂိတ်တာဝန်ရှိသူအနေဖြင့် တိုင်ကြားသူသို့ ပစ္စည်း၏ တန်ဖိုးငွေကျပ် ၃၀၀,၀၀၀/- ကို ပေးလျော်စေရန် စီမံခန့်ခွဲရေးနည်းလမ်းအရ အမိန့်ချမှတ်ခဲ့ကြောင်း၊ အမိန့်အရ ကားဂိတ်မှတာဝန်ရှိသူက တိုင်ကြားသူသို့ ပစ္စည်းတန်ဖိုးကို ပေးလျော်ခဲ့သည့်အတွက် တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

Source: CICC



*စာမျက်နှာ ၁၆ မှအဆက်*

မကွေးမြို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများ၊ ချောက်မြို့ရှိ မိဘပြည်သူများ၊ ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာရှိ မိဘပြည်သူများ၊ မင်းဘူးမြို့ ကားကြီးကွင်းရှိ ခရီးသည်များ၊ မင်းဘူးမြို့ မြို့မစည်ပင်ဈေး၊ မင်းလှမြို့ မြို့မစည်ပင်ဈေးတို့ရှိ ဈေးသူဈေးသားများ၊ ဆိပ်ဖြူမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးရှိ ဝန်ထမ်းများ၊ ပခုက္ကူမြို့ရှိ စားသုံးသူပြည်သူများ၊ ပခုက္ကူမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ ယက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းရှိ သင်တန်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ဆိပ်ဖြူမြို့၊ ချောက်မြို့၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့၊ ကံမမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show များ ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေးမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ မြို့သစ်မြို့၊ ရေနံချောင်းမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင်များ၊ တောင်တွင်းကြီးမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်များ၊ Laptop နှင့် ဖုန်းအပိုပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များနှင့် ဆန်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ချောက်မြို့ရှိ ဘိလပ်မြေအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ စားသုံးဆီအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မုန့်မျိုးစုံဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ စလင်းမြို့ရှိ ဆန်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မင်းဘူးမြို့ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်၊ သရက်မြို့၊ ကံမမြို့၊ ဆင်ပေါင်ဝဲမြို့၊ အောင်လံမြို့၊ မင်းလှမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ သရက်မြို့ရှိ ဆေးနှင့် ဆေးပစ္စည်း အရောင်းဆိုင်လုပ်ငန်းရှင်များ၊ သရက်မြို့၊ ကံမမြို့၊ အောင်လံမြို့များရှိ စားသုံးဆီ အရောင်းဆိုင်လုပ်ငန်းရှင်များနှင့် ဆန်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ သရက်မြို့ရှိ အဝတ်အထည်များ ရောင်းချသည့်လုပ်ငန်းရှင်၊ ကံမမြို့များရှိ ဖုန်း၊ Laptop နှင့် ဖုန်းအပိုပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ အောင်လံမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်များ၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပြည်ကြီးတံခွန်မြို့နယ်ရှိ စာကလေးမုန့်တိုက်နှင့် ဘီစကစ်စက်ရုံတို့မှ ဝန်ထမ်းများ၊ မြင်းခြံခရိုင် အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများ၊ သာစည်မြို့နယ် ပျဉ်ညောင်ကျေးရွာရှိပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှအဆက်*

မုံရွာမြို့ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် ဆပ်ပြာရည်၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည် ထုတ်လုပ်မှုနည်းပညာသင်တန်းတို့ရှိ သင်တန်းသားများ၊ ဟုမ္မလင်းမြို့နယ် စည်ပင်သာယာဈေးရှိ ဈေးသည်များ၊ ကျွန်းလှမြို့ မြို့မရဲစခန်းရှိ ဝန်ထမ်းများ၊ ကန့်ဘလူမြို့ စက်မှုလယ်ယာဦးစီးဌာနရှိ ဝန်ထမ်းများ၊ မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် ဂျပန်စကားပြောသင်တန်းနှင့် ရက်ကန်းသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းတို့ရှိ သင်တန်းသားများ၊ ရွှေဘိုမြို့ အမှတ် (၄) ရပ်ကွက်ရှိ မီးသတ်ဦးစီးဌာန၌ ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းရှိ သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးအသိပညာပေးမှုများအနေဖြင့် ဆီစက်လုပ်ငန်းရှင်၊ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ဆန်စက်လုပ်ငန်းရှင်၊ သောက်ရေသန့်လုပ်ငန်းရှင်၊ မုန့်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်၊ စားအုန်းဆီ ရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ရေခဲမုန့်လုပ်ငန်းရှင်၊ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်၊ မွေးနေ့ကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းရှင်၊ ပဲကြော်မျိုးစုံလုပ်ငန်းရှင်၊ ခရမ်းချဉ်သီးစိုက်ပျိုးရောင်းချသည့်လုပ်ငန်းရှင်၊ စားသောက်ကုန်လုပ်ငန်းရှင်၊ သစ်သီးယိုစုံလုပ်ငန်းရှင်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့်တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များနှင့် စားသုံးသူကာကွယ်ရေးဥပဒေ စာအုပ်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။



**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးရွာကော်မတီအဖွဲ့ဝင်များအတွက် ဖွင့်လှစ်သောသင်တန်းရှိ သင်တန်းသားများ၊ မြိတ်လေတပ်စခန်းဌာနချုပ်ရှိ တပ်ရင်းတပ်ဖွဲ့ဝင်မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အာပူးလေးစားသောက်ဆိုင်မှ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာအသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့အပြင် မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့နှင့်ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တောင်တွင်းကြီးမြို့နယ်၊ အင်ကုန်းကျေးရွာ၊ နတ်မောက်မြို့ တမာပင်ရပ်ကွက်တို့ရှိ စားသုံး သူပြည်သူများ၊ မြို့သစ်မြို့၊ ရေနံချောင်းမြို့၊ မင်းဘူးမြို့၊ စလင်းမြို့၊ ပွင့်ဖြူမြို့နှင့် သရက်မြို့တို့ရှိ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိဘပြည်သူများ၊

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



## စားသောက်ဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ



ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Sushi ဆိုင်တစ်ဆိုင်တွင် Sushi (၅) ပွဲမှာစားရာ Mayonnaise အား တစ်ပန်းကန်သာ ပေးသဖြင့် ထပ်မံတောင်းခံရာတွင် ဆိုင်ဝန်ထမ်းမှ အနည်းဆုံးငွေကျပ် ၃၀၀၀/- ဖြင့် ဝယ်ယူရမည်ဟု ပြောကြားခဲ့ကြောင်း၊ ယခင်စားနေကြဖြစ်ပြီး ပုံမှန်အားဖြင့် Mayonnaise မှာ လိုသလို တောင်းခံနိုင်သည်ကို သိရှိထားသောကြောင့် ကျေနပ်မှုမရှိသည့်အတွက် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် ဆက်သွယ်တိုင်ကြားလာပါကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက Sushi ဆိုင်ပိုင်ရှင်နှင့် တိုင်ကြားသူအား ခေါ်ယူတွေ့ဆုံညှိနှိုင်းခဲ့ရာ ဆိုင်ပိုင်ရှင်မှ မိမိတို့ဆိုင်အနေဖြင့် ယခင်က Mayonnaise အား စားသုံးသူလိုသလောက် ပေးအပ်နိုင်ခဲ့သော်လည်း ယခုအခါ ကုန်ဈေး နှုန်းကြီးမြင့်လာမှုများကြောင့် လိုသလောက် ပေးအပ်နိုင်ခြင်းမရှိဘဲ ရောင်းချသည့်စနစ်ဖြင့်သာ ဆောင်ရွက်နေရပါကြောင်း၊ ဆိုင်တွင် ယခုဖြစ်စဉ်ဖြစ်ပွားမှုကိုလည်း မိမိအနေဖြင့် မသိရှိပါကြောင်း၊ ဆိုင်မှဝန်ထမ်းများ၏ ဝန်ဆောင်မှုအပိုင်းအားနည်းမှုများအပေါ် တောင်းပန်စကားပြောကြားခဲ့ပြီး ဝန်ဆောင်မှုနှင့်ပတ်သက်သည့် သင်ကြားမှုများ ထပ်မံလုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ရာ တိုင်ကြားသူမှလည်း ဆိုင်ပိုင်ရှင်၏ တောင်းပန်မှုအပေါ် ကျေနပ်လက်ခံမှုရှိသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ဘဏ်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နေ တိုင်ကြားသူတစ်ဦးသည် ဘဏ်တစ်ခု၏ ဝန်ဆောင်မှုနှင့် ပတ်သက်၍ မိမိအသုံးပြုနေသည့် ဖုန်းဆင်းကဒ်အား အခြားသူတစ်ဦးမှ Pay အကောင့်ဖွင့်၍ အသုံးပြုနေသောကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာပါကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက တိုင်ကြားခံရသည့်ဘဏ်သို့ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ဘဏ်မှ တာဝန်ရှိသူများက တိုင်ကြားစာပါ ဖုန်းဆင်းကဒ်ဖြင့် ဖွင့်လှစ်ထားသော Pay အကောင့်အား စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ Pay အကောင့်သုံးစွဲနေသူနှင့် ဆင်းကဒ်ပိုင်ရှင် ကွဲလွဲမှုရှိနေသည်ကို တွေ့ရှိရသည့်အတွက် တိုင်ကြားသူ၏ ဖုန်းဆင်းကဒ်ဖြင့် ဖွင့်လှစ်ထားသော Pay အကောင့်အား အပြီးအပိုင် ပိတ်သိမ်းသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးထားကြောင်း အကြောင်းပြန်ကြားလာသည့်အတွက် တိုင်ကြားသူထံ ဆက်သွယ်ပြောကြားခဲ့ရာ တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည် နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးများအလိုက် မိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် မေလအတွင်း ဆောင်ရွက်မှုများအနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါး မျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ ၂၀ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကလေးမြို့ပေါ်ရှိ ဖုန်းဆိုင်များ၊ အီလက်ထရောနစ်ဆိုင်များနှင့် အစားအသောက်ဝန်ဆောင်မှုပေးသည့် စားသောက်ဆိုင်များ၊ ကန့်ဘလူမြို့ မြို့မဈေးရှိ အိမ်သုံးဆေးဝါးအရောင်းဆိုင်များ၊ ကုန်စုံဆိုင်များတွင် ရောင်းချနေသော နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရွှေဘိုမြို့ အမှတ် (၇) ရပ်ကွက်ရှိ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှု ရှိမရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။



**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များ၊ ကမ်းနားပုံကျဈေးနှင့် ကုန်စုံဆိုင်များ၊ မြိတ်မြို့ ပေါ်ရှိ ဆေးဆိုင်များနှင့် ကုန်စုံဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ ဆေးဆိုင်များနှင့် ကုန်စုံဆိုင်များသို့သွားရောက်၍ ကုန်ညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားမှု ရှိ-မရှိ၊ သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ စစ်ဆေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အုတ်တွင်းမြို့မ စည်ပင်သာယာဈေးနှင့် အုတ်တွင်းမြို့ပေါ်ရှိ ဆေးဆိုင်များသို့ သွားရောက်၍ ရောင်းချလျက်ရှိသော အစားအသောက်များနှင့် အလှကုန်ပစ္စည်းများတွင် သုံးစွဲခွင့်မပြုသော ဓာတုဆေးများ ပါဝင်မှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့အတူ လက်ပံတန်းမြို့နယ်အတွင်းရှိ မြို့နယ်များ၌ တစ်ပတ်လျှင် နှစ်ကြိမ် ဆေးနှင့်ဆေးပစ္စည်းရောင်းချနေသည့် ဆေးဆိုင်များသို့ ကွင်း

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



## ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များ ကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မေလအတွင်း တိုင်းဒေသကြီး /ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

**Source:** ထုတ်/လုံ

၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၄၉ | ၁၃၀ | ၄၈ | ၁၂၆ |
| ၂။ | ဖေဖော်ဝါရီလ | ၉၉ | ၂၇၃ | ၉၉ | ၂၇၃ |
| ၃။ | မတ်လ | ၅၆ | ၁၃၆ | ၅၆ | ၁၃၆ |
| ၄။ | ဧပြီလ | ၄၆ | ၁၆၁ | ၄၆ | ၁၆၁ |
| ၅။ | မေလ | ၄၄ | ၁၂၆ | ၄၄ | ၁၂၆ |
| | စုစုပေါင်း | ၂၉၄ | ၈၂၆ | ၂၉၃ | ၈၂၂ |

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ဆောင်ရွက်မှုအနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့ တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် အချိုရည်နှင့်ယိုမျိုးစုံ၊ သစ်သီးဝိုင်မျိုးစုံ ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့်

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှအဆက်*

နာမည်ဖြင့် အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ထားသောလုပ်ငန်းသည် မြေပြင်ပေါ်တွင် အမှန်တကယ် ရှိ-မရှိနှင့် ရောင်းချသည့် အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ အမှန်တကယ် ရှိ-မရှိ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** သံဖြူဇရပ်မြို့နယ်ရှိ ဖုန်းအရောင်းဆိုင်အား အွန်လိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် လျှောက်လွှာပုံစံတွင် ဖြည့်သွင်းထားသည့် လိပ်စာအတိုင်း လုပ်ငန်းအမှန် တကယ်တည်ရှိခြင်းရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားစဉ်က ရောင်းချရန် တင်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစား စာရင်းအတိုင်း မြေပြင်တွင် အမှန်တကယ်ရောင်းချနေသော စာရင်းနှင့်ကိုက်ညီမှု ရှိ-မရှိ စစ်ဆေးခဲ့ပြီး မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်ဖောက်ဖျက်မှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။



**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့၊ ရပ်ကွက် (၁) ကားကြီးကွင်းအနီးရှိ Online စနစ်ဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုး ရောင်းချသည့်လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး Online စနစ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် မှတ်ပုံတင်ပြုလုပ်၍ စနစ်တကျဖြန့်ဖြူး ရောင်းဝယ်မှုပြုလုပ်ရန်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ်ရေးဥဒေအခန်း (၁၀) ပါ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်း/ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၅ ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်း ရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိ ရာ၂၀၂၅ ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု ၂၂၀၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ



*စာမျက်နှာ ၈ မှအဆက်*

ဆင်း၍ ဆေးနှင့် ဆေးပစ္စည်းများ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းနှင့် ဒေသအတွင်း ရောင်းဝယ်ဖောက်ကားခြင်း ရှိ-မရှိ ဆိုင်များသို့ သွားရောက်၍ ဘီလပ်မြေဈေးနှုန်း မှန်ကန်စွာ ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ စည်ပင်သာယာဈေးတွင် ၈ ကြိမ်၊ မြို့ပေါ်ရှိ ရပ်ကွက်များတွင် ၂၂ ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် ၂၆ ကြိမ်၊ စိုက်ပျိုးရေးဆေးဆိုင်များတွင် ၁ ကြိမ် ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ အထူးဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် ၂ ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် ၈ ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် ၃ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** စားသုံးဆီအမျိုးမျိုးအား ဦးစားပေးကုန်စည်အဖြစ် သတ်မှတ်ပြီး မန္တလေးခရိုင်အတွင်း မြို့နယ်များရှိ ဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်၊ စတိုးဆိုင်များသို့ သွားရောက်၍ ပုံမှန်ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်များ၊ စားအုန်းအရောင်းဆိုင်များ၊ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များသို့ သွားရောက်၍ ဈေးနှုန်းမြှင့်တင် ရောင်းချမှု ရှိ-မရှိ စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။



**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကော့မှူးမြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးပစ္စည်းဆိုင်များနှင့် မကျီးကန်ကျေးရွာအုပ်စု၊ နတ်စင်ကုန်းစံပြ ကျေးရွာအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်များ၊ သန်လျင်မြို့နယ်နှင့် မြောက်ဒဂုံမြို့နယ်တို့အတွင်းရှိ ဆန်ဆိုင်များ၊ လှိုင်သာယာမြို့နယ်ရှိ Super Market ဆိုင်၊ တိုက်ကြီးမြို့နယ် မြို့မဈေးအတွင်း ရောင်းချနေသော ကြက်ဥအရောင်းဆိုင်များနှင့် တိုက်ကြီးမြို့နယ်အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ သုံးခွမြို့နယ် စည်ပင်သာယာမြို့မဈေးအတွင်းနှင့်အပြင်ရှိ ကုန်မျိုးစုံ ရောင်းချလျက်ရှိသော ဆိုင်များ၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ အချိုရည်လုပ်ငန်း၊ ထန်းတပင်မြို့နယ်ရှိ စိမ့်စမ်းရေ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း၊ ကွင်းခြံကုန်းမြို့နယ်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်လုပ်ငန်းတို့သို့ သွားရောက်၍ ဈေးနှုန်းမြှင့်တင် ရောင်းချမှုရှိ-မရှိ၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်အတွင်းရှိ ဆန်ဆိုင်များ၊

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

ဘိုကလေးမြို့ရှိ ကုန်မှန့်မျိုးစုံ အရောင်းဆိုင်များ၊ ကျိုက်လတ်မြို့ အမှတ် (၂) ရပ်ကွက်ရှိ ရေခဲစက်လုပ်ငန်း၊ မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမကျေးရွာနှင့် ညောင်တုန်းမြို့နယ်တို့ရှိ ဆန်စက်လုပ်ငန်း၊ မအူပင်မြို့နယ်ရှိ သနပ်ခါးအမျိုးမျိုးထုတ်လုပ်သောလုပ်ငန်း၊ ဓနုဖြူမြို့နယ် (၃) ရပ်ကွက်ရှိ ဆီစက်လုပ်ငန်း၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဓနုဖြူမြို့နယ်များနှင့် ညောင်တုန်းမြို့နယ်တို့ရှိ ဈေးများ၊ မအူပင်မြို့၊ ဓနုဖြူမြို့နှင့် ပန်းတနော် မြို့ပေါ်တို့ရှိ ဆေးဆိုင်များသို့သွားရောက်၍ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားမှုရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများရောင်းချမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် မေလအတွင်း ဆောင်ရွက်မှုများအနေဖြင့်-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်၊ ရှမ်းတောင်စုရပ်ကွက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ ရမ်ပူရပ်ကွက်နှင့် မြို့မရပ်ကွက်၊ ရေစင်ဈေးတို့ရှိ ကုန်စုံဆိုင်များ၊ ရွှေညောင်ပင်ရပ်ကွက်ရှိ မုန့်တိုက်၊ ဇရာရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်တို့ရှိ ဆေးဆိုင်များ၊ တပ်ကုန်းရပ်ကွက်၊ မန်ခိန်ရပ်ကွက်နှင့် မြို့မရပ်ကွက်တို့ရှိ စတိုးဆိုင်များ၊ မိုးညှင်းမြို့ နောင်စွန်းရပ်ကွက်၊ နတ်ကြီးကုန်းရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ ကန်တော်ကုန်းရပ်ကွက်နှင့် အမှတ် ၁ နှင့် အမှတ် ၂ စည်ပင်သာယာဈေးတို့ရှိ ကုန်စုံဆိုင်များ၊ အရှေ့စုရပ်ကွက်ရှိ သောက်ရေသန့် စက်ရုံ၊



အောင်သပြေရပ်ကွက်ရှိ ဆေးဆိုင်၊ နောင်စွန်းရပ်ကွက်၊ နားခါရပ်ကွက်တို့ရှိ စတိုးဆိုင်များသို့ သွားရောက်၍ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အမှတ် (၆) ရပ်ကွက်အတွင်း ရောင်းချနေသော ဆေးဆိုင်များ၊ အမှတ် (၉) ရပ်ကွက်အတွင်း ရောင်းချနေသော ကိတ်နှင့်မုန့်မျိုးစုံလုပ်ငန်း၊ ဖုန်းဆိုင်နှင့် ကွန်ပျူတာဆိုင်များ၊ လှာကမြင်ရပ်ကွက်အတွင်း ရောင်းချနေသော စားသောက်ဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

အချက်များနှင့် မြေပြင်အချက်အလက်များ ကိုက်ညီမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ညောင်လေးပင်မြို့ရှိ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ထားသော စားသောက်ကုန်၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်နှင့် ပြည်မြို့နယ်ရှိ အလှကုန်ပစ္စည်း အရောင်းဆိုင်တို့သည် လျှောက်လွှာပုံစံတွင် ဖြည့်သွင်းထားသည့် လိပ်စာအတိုင်း လုပ်ငန်းအမှန်တကယ် တည်ရှိမှု ရှိ-မရှိ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ချောက်မြို့နယ်တွင် အွန်လိုင်းရောင်းဝယ်မှုဆိုင်ရာ စားသုံးသူအသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး စားသုံးသူများ ကုန်စည်နှင့် ဝန်ဆောင်မှုများကို Online Shopping စနစ်ဖြင့် ဝယ်ယူသုံးစွဲရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် စားသုံးသူများအနေဖြင့် အွန်လိုင်းမှဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ ငွေရေးကြေးရေးဝန်ဆောင်မှု၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ Wifi အင်တာနက်ဝန်ဆောင်မှုများနှင့် Online Shopping နှင့်ပတ်သက်၍ တိုင်ကြားလာမှုအခြေအနေများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဗဟန်းမြို့နယ် ဖိုးစိန်လမ်းရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် Car Sale Center၊ တောင်ဥက္ကလာပမြို့နယ်ရှိ အိမ်သုံးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်



Décor Space Furniture ၊ လှိုင်သာယာမြို့နယ်ရှိ ကလေးကစားစရာပစ္စည်းများရောင်းချသည့် လုပ်ငန်းတို့အား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်ရှိ မိုဘိုင်းဖုန်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်ရှိ မုန့်တိုက်လုပ်ငန်း၊ မိုးညှင်းမြို့ရှိ စားသောက်ဆိုင်လုပ်ငန်းတို့သို့ သွားရောက်၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှု အခြေအနေ၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လိုသူသည် မှတ်ပုံတင်လျှောက်ထားရန်နှင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကိုက်ညီရမည့်အချက်များ၊ မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာ အကြောင်းအရာများနှင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ အမှတ် (၆) ရပ်ကွက်အတွင်း Triangle Mart

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှအဆက်*

မြှင့်တင်ရောင်းချခြင်းရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** နမ့်စန်မြို့၊ ပင်လုံမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့ပေါ်နှင့် နမ့်စန်မြို့မဈေးအတွင်းတို့ရှိ ရောနှောဆီအပါအဝင် စားသုံးဆီအမျိုးမျိုး ရောင်းချနေသည့် ကုန်စုံဆိုင်များ၊ ပင်လုံမြို့မဈေးအတွင်းနှင့် နမ့်စန်မြို့အတွင်းရှိ ဆန်လက်လီလက်ကားရောင်းချနေသော ဆိုင်များ၊ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက်နှင့် ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ ဂျုံခေါက်ဆွဲခြောက်လုပ်ငန်း၊ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်းနှင့် ဆန်ဆိုင်း (က) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတို့ရှိ ကိတ်မုန့်နှင့်ပေါင်မုန့်လုပ်ငန်း၊ ကျိုင်းတုံမြို့ ရပ်ကွက် (၃)၊ ရပ်ကွက် (၄) နှင့် ရပ်ကွက် (၅) အတွင်းတို့ရှိ သောက်ရေသန့်ထုတ်လုပ်ရေးလုပ်ငန်း၊ ရက်ကွက် (၃) အတွင်းရှိ ကုန်စုံဆိုင်များ၊ ရပ်ကွက် (၄)၊ ပေါက်ထိုက်ရပ်အတွင်းရှိ မုန့်တီခြောက်ထုတ်လုပ်သည့်လုပ်ငန်း၊ နောင်တုံကန်ပတ်လမ်းရှိ စားသောက်ဆိုင်များ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့ရှိ ကုန်မျိုးစုံဆိုင်များသို့ သွားရောက်၍ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## Online Sale မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ် လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ်အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် မေလအတွင်း-



**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** Online Sales မှတ်ပုံတင်ထားသော မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်ရှိ စပရိုက်ဂစ်အင်မုံရွာ (Surprise Gift in Monywa) လုပ်ငန်း၊ စစ်ကိုင်းမြို့ မိုးဇာရပ်ကွက် နယ်မြေ (၇) ရှိ ပြည်တွင်းစားသောက်ကုန်ပို့ဆောင်ရေးလုပ်ငန်းများအား မှတ်ပုံတင်လျှောက်ထားရာတွင် ဖော်ပြထားသော

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

ရေးကော်မရှင် ညွှန်ကြားချက်နှင့် ကိုက်ညီမှု ရှိ-မရှိ၊ အစားအသောက်ပြုပြင်ရောင်းချသည့် နေရာများ သန့်ရှင်းမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ အချိုရည်အမျိုးမျိုးရောင်းချနေသော ကုန်စုံဆိုင်များ၊ ဖုန်းဆိုင်များ၊ အိမ်သုံးဆေးဝါးများ ရောင်းချနေသော ဆေးအရောင်းဆိုင်များ၊ မိုင်းလုံးရပ်ကွက်ရှိ ကိတ်မုန့်၊ ပေါင်မုန့်စသည့် မုန့်မျိုးစုံထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသည့် မုန့်ဖိုလုပ်ငန်းနှင့် Loikaw City စားသောက်ဆိုင်လုပ်ငန်းများသို့ သွားရောက်၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ (၂/၂၀၁၉) ပါ ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များအား ပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ၊ အစားအသောက်ပြုပြင်ရောင်းချသည့် နေရာများ သန့်ရှင်းမှု ရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ချောင်းဆုံမြို့ရှိ အမှတ် (၂) မြို့မဈေး၊ မုဒုံမြို့ရှိ ရွှေဟသာဈေး၊ ကျိုက်မရောမြို့ရှိ အောင်မင်္ဂလာဈေး၊ သထုံမြို့ရှိ မြို့မဈေး၊ ဘီးလင်းမြို့ရှိ မင်္ဂလာဈေး၊ ကျိုက်ထိုမြို့ပေါ်ရှိ ရပ်ကွက်များ၊ ပေါင်မြို့နယ် ကဒါရပ်ကွက်၊ ပေါင်းရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ကျိုက်ထိုမြို့နယ်ရှိ စက်သုံးဆီဆိုင်များ၊ ဘီးလင်းမြို့နယ်အတွင်းရှိ ထမင်းနှင့် အစားအသောက်များ ရောင်းချနေသည့် စားသောက်ဆိုင်များ၊ မုဒုံမြို့ရှိ ရွှေဟသာဈေး၊ ကျိုက်မရောမြို့ပေါ်ရှိ ရပ်ကွက်များ၊ မော်လမြိုင်မြို့နယ် ဖဲထော်ကျေးရွာ၊ ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက်၊



သထုံမြို့ပေါ်ရပ်ကွက်နှင့် ဘီးလင်းမြို့ ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များ၊ မော်လမြိုင်မြို့ အမှတ် (၁) အောက်ဈေးရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ ချောင်းဆုံမြို့ အမှတ် (၂) ဈေးရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ သထုံမြို့ပေါ်ရှိ ဈေးဆိုင်များ၊ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာရှိ သောက်ရေသန့်စက်ရုံ၊ ပေါင်မြို့ပေါ်ရှိ ရပ်ကွက် ၄ ခု၌ အလှကုန်ပစ္စည်းအမျိုးမျိုး ရောင်းချလျက်ရှိသော စတိုးဆိုင်များ၊ ဘီးလင်းမြို့နယ်ရှိ ရန်ကုန်တာယာစက်ရုံ၊ ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာရှိ ကိတ်မုန့်မျိုးစုံရောင်းဝယ်ရေးဆိုင်၊ ကျိုက်ထိုမြို့နယ်၊ ချောင်းဆုံမြို့နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ SD Sim Card အရောင်းဆိုင်များနှင့် ကျိုက်ထိုမြို့နယ်ရှိ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ မုဒုံမြို့နယ်အတွင်းရှိ ဆင်းကတ်အရောင်းဆိုင်များ၊ သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်ကျေးရွာရှိ စိုက်ပျိုးရေးဆေးနှင့် ဓာတ်မြေသြဇာအမျိုးမျိုး ရောင်းချနေသော ဆိုင်များ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များသို့ သွားရောက်၍ တရားမဝင် Sim Card ရောင်းချမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှုရှိ-မရှိ၊ ဈေးနှုန်း

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*